# ဥမ်ဂလိုင်း

ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ
စာရေးလို့ထားချင်တယ်



တာတိယအောင်ကြိုင်

ဒေါင်းယာဉ်ပျံ ဘုံနားဘေးမှာ

စာရေးလို့ ထားချင်တယ်။

ကပ္ပဋ္ဌိငါးသွယ်မှာ ၊ တစ်ပါးမယ် ဆူလှိုက်လို့

ပူခိုက်ကို သူသုန်မှုန်၊ အေးမှ ရိပ်လှုံ။

ဘဝတိုင်း သည် ပုံလို

နောင်ကြုံမယ် ကြောက်လွန်းလို့ လေး။

(အစ်မတော် စုဖုရားရေး တေးထပ်၊

ဆရာမကြီးဒေါ်ဒဂုံခင်ခင်လေး၏

အမျိုးသမီး စာဆိုတော်များ စုအုပ်မှ )

*

## နိဒါန်း

ပြတင်းမှ နေ ကြည့်သောအခါ ပတ်ချာလည်နေသည့် လောကကြီးကို မြင်ရသည် ။ အနီးရှိ လမ်းအစပ်နှင့် လယ်မြေများက နောက်သို့ ကျန်ခဲ့လျက် အဝေးမှ တောများ ၊ တောင်များက မိုးကုပ်စက်ဝိုင်းနှင့်အတူ ရှေ့သို့ ပြေးနေသည် ။

ဇလီဖားတုံးနှင့် သံလမ်း၏ ခွင့်ပြုမှုပေါ် မူတည်ပြီး အတက်နိုင်ဆုံး

အလျှင်အမြန် မောင်းနှင်နေသည့် ရထား၏ အရှိန်ကြောင့် ပြတင်းမှ လေများကလည်း တဟူးဟူး တိုးဝင်နေသည် ။

လေကြောင့် ဆံပင်များ လွင့်ခါနေသလို လေထဲတွင် တစ်ချက် တစ်ချက် ပါလာသော သဲများကြောင့်လည်း မျက်နှာတစ်ခုလုံး ကျိန်းစပ်စပ် ကြမ်းတမ်းနေ၏။ နေကျရာ၏ တစ်ဘက်ခြမ်း၌ ရောက်နေသဖြင့် နေပူရာတွင် တိုက်ရိုက်ထိမနေသော်လည်း ကျဲကျဲဖြူဖြူကြီး ပူနေသည့် ဆောင်းနေ့လည်ခင်း နေအရှိန်က အပူငွေ့အဖြစ် မျက်နှာကို လာဟပ်နေသည် ။ တစ်ကိုယ်လုံးလည်း အိုက်စပ်စပ်ဖြင့် နုံးနေသည် ။

ရထားတစ်တွဲလုံးလိုလိုသည် လည်း ပျင်းရိငြီးငွေ့ဖွယ်ခရီး ခြောက်ခြောက်ကပ်ကပ်ကြီး၏ နှိပ်စက်မှုကြောင့် ငိုက်သူက ငိုက်၊ အိပ်သူက အိပ်ဖြစ်နေကြပြီ။ သည် ကြားထဲ သက်သက်နှင့် တစ်ခုံကျော်မှ ဖွင့်ထားသော ခရီးဆောင်ရေဒီယိုမှ လာနေသော သီချင်းကလည်း သီချင်းကြီးသံ။

သီချင်းကြီးထဲမှာ မှ လောက၏ စိတ်ညစ်ညူးဖွယ်တို့ ကို သတိပြုမိစေရန် သတိပေး စပ်ဆိုထားသော နိဗ္ဗိန္ဒဘွဲ့ဓမ္မဂီတတေးဘုမ္မာသီချင်းကြီး။

သံလမ်းနှင့် ရထားဘီး စည်းချက်မှန်မှန် ထိခတ်နေသည့် အသံကြားမှ တရားတေးသံတချို့ သက်သက်နားထဲ ဝင်လာသည် ။

“မြေ…ရေ…လေ…မီး ဓာတ်ကြီးအစုပါ၊ လွန်တရာ မမြတ်သော အတ္တဘောခန္ဓာ၊ မုန်းဘွဲ့မလွတ်ပါ သုံးဆယ့်နှစ်ကောဋ္ဌာ၊ ကာယအပုပ်ကောင်ဟာ ဟုတ်ယောင်သာ၊ ရုပ်ဆောင်စွာ၊ ချုပ်ကာသူလှည့်စား၊ တရားကွာမှားကြများ သတ္တဝါ”

အဝေးသို့ ကြည့်နေသော သက်သက်၏ မျက်လုံးများ မှုန်မှေးသွားသ

ည် ။ သီချင်းထဲမှ စာသားလေးကို နှုတ်မှ နေပြေအောင် ပြန်ရွတ်ကြည့် လိုက်၏။

"မိုက်မဲ...အဝိဇ္ဇာ...စိတ်တဏှာ အနိဋ္ဌာ...ဣဋ္ဌာရုံ ထင်မိမှား ကာယ အပုပ်ကောင်ဟာ ဟုတ်သယောင်သာ ရုပ်ဆောင်စွာ ချုပ်နှောင်ကာ သူ လှည့်စား တရားကွာ...မှားရှာကြ မျှား သတ္တဝါ"

တေးဘုမ္မာသည် ပျင်းစရာကောင်းသော သီချင်းတစ်ပုဒ် အမှန်ဖြစ် သည် ။ သို့သော် တော်ရုံဉာဏ်ဖြင့် မမြင်နိုင်သော လောက၏ မာယာကို တော့ ကောင်းစွာ ထွင်းဖောက်ပေးနိုင်သော သီချင်းပါလားဟု သက်သ က် ရင်ထဲကနေ မှတ်ချက်ချသည် ။

မာယာ...။

သည် လောကကြီးသည် မာယာများ လှသော လောကကြီး ဖြစ်၏။ အဝိဇ္ဇာဆိုသော မသိမှု အမိုက်မှောင် အမြင်တွင် အနိဋ္ဌာရုံများကလည်း ဣဋ္ဌာရုံဖြစ်နေသည် ။ အမှန်တွေကလည်း မှားနေသည် ။ အမှားကိုလည်း မှန်သည် ဟု ဖြစ်ခဲ့ရသည် ။ ထိုအမှားကြောင့်ပင် ရင်ထဲ ၌ ထိခိုက် ကြေကွဲစရာ ကိစ္စတွေကလည်း ဆက်တိုက် ဖြစ်ပွားခဲ့ရသည် ။

တွေးရင်းနှင့် သက်သက် မျက်လုံးများ တွင် မျက်ရည်များ ရစ်ဝိုင်း လာ၏။

အမှား...။ ဘဝတွင် ဆိုးရွား ခါးသီးစွာ မှားခဲ့မိသော အမှား။

"နင် အရမ်းမှားတယ် သက်သက်၊ နင့်လောက်မိုက်တဲ့ သူ လောကမှာ ရှိမှ ရှိသေးရဲ့ လားတောင် မသိတော့ဘူး"

ကိုယ့်ကိုယ်ကိုယ် နင့်နင့်သီးသီးပင် ပြောချလိုက်သည် ။

သို့သော် စိတ်ထဲကတော့ တစ်ခုခုကို သိနေပါသည် ။ ထိုအသိမှာ တခြားမဟုတ်။ သူ့လို မှားခဲ့သူများ ၊ မှားနေဆဲများ ၊ မှားလုလုများ ၊ မှားလတ္တံ့များ သူ့လို မိန်းမသားလောကတွင် များ ပြားစွာ ရှိနေဦးမည်ဟု ။

အဘယ့်ကြောင့် ဆိုသော် သည် အမှားမျိုးက မိန်းမတစ်ယောက်မှသာ မှားနိုင်သလို မိန်းမသားများ အလကားနေရင်း မှားချင်သည့်စိတ်ပေါက်လာနိုင်သည့် အမှားလည်း ဖြစ်သည် ။ မိန်းမများ မှားရန်ဟု ပရိယာယ်ဝေဝုစ်များ စွာဖြင့် လောကကြီးက ဆင်ထားသော ထောင်ချောက်ကြီး နှင့်လည်း တူသည် ။

သက်သက်က မျက်ရည်များကို မျက်တောင်ဖြင့် ပုတ်ခတ် ထိန်းသိမ်းရင်း ကောင်းကင်ပြာကြီးကို လှမ်းကြည့်လိုက်သည် ။ သည်ကောင်းကင်ပြာကြီးသည် လောကကြီးတစ်ခုလုံးကို ဖုံးအုပ်ထားသည့် အမိုးမျက်နှာကြက်ကြီး ဖြစ်၏။

ဖြစ်နိုင်လျှင် သူ့ဘဝတွင် ကြုံခဲ့ ဆုံခဲ့ရသည့် အဖြစ်အပျက်များ အားလုံးကို အမိုးမျက်နှာကြက်ကြီးပေါ်တွင် လှည့်လည်သွားလာနေသည့် နေမင်းကြီးပေါ်၌ ထင်ရှားသော စာလုံးကြီးများ ဖြင့် ရေးကြထားလိုက်ချင်၏။

ထိုစာလုံးများကို ကမ္ဘာမြေပြင်ပေါ်ရှိ မိန်းမများအားလုံး တစ်ယောက် မကျန် ဖတ်ရှုလိုက်စေချင်သည် ။

သူ့ဘဝစာသားများကို မိန်းမသားများ ဖတ်မိပါလျှင် မှားပြီးသူများ အတွက် သင့်တော်ရုံသာ အကျိုးသက်ရောက်မှု ရှိနိုင်သော်လည်း မှားခါနီး၊ မှားအံ့ဆဲဆဲနှင့် လုံးဝ မမှားဖူးသေးသည့် မိန်းကလေးများ အတွက်မူ သူတို့ မှားမည့် အမှားနှင့်အတူ သူတို့ ကြုံတွေ့လာရမည့် စိတ်ဒုက္ခ စိတ်သောကများမှ ကယ်တင်သင့်သလောက် ကယ်တင်နိုင်ပေလိမ့်မည်။

ဖြစ်နိုင်လျှင် ထိုစာသားများ သည် ကမ္ဘာလောကကြီး တည်ရှိနေသ၍ မပျောက်ပျက်သော ကပ္ပဋိတိတစ်ခုအဖြစ် နောက်ထပ် ဤကမ္ဘာပေါ်ရောက်လာမည့် မိန်းမများ အတွက် တည်တန့်နေစေချင်သေးသည် ။

သို့သော် မဟုတ်လျှင်တောင်မှ သက်သက် စာရေးတတ်ချင်လှသည် ။ ကောင်းကင်နံရံတွင် ကမ္ဘာတည်အောင် မရေးနိုင်သည့်တိုင် ဝတ္ထုတစ်ပုဒ် စာတစ်အုပ်အနေနှင့် ထိုအကြောင်းများကို စီကုံးပြီး လောကကြီးအတွက် ထားခဲ့ချင်သည် ။

မဖတ်သူ မဖတ်သည့်တိုင် ဖတ်သူ တစ်ယောက်တလေရှိ၍ ထိုတစ်ယောက်တလေသည် ထိုစာများမှ တဆင့် သက်သက်စေတနာလေးကို သိသွားရလျှင် သက်သက်ကို ပြစ်တင်ရှုတ်ချ မုန်းတီးသွားကောင်းမုန်းတီးသွားမည် ဖြစ်သော်လည်း သူ့ဘဝအတွက် သင်ခန်းစာတစ်ခုကိုမူ ထိုဖတ်သူ မလွဲမသွေ ရရှိသွားနိုင်မည်မှာ သေချာပေသည် ။

သို့သော် သက်သက် စာရေးဆရာ မဟုတ်။

စာရေးခြင်း အတတ်ပညာကို မသင်ယူ မဆည်းပူး မလေ့ကျင့်မိခြင်းအတွက် သက်သက် အရမ်းနောင်တရသည် ။

ထိုအဖြစ်အပျက်များကို စာရေးတတ်သူတစ်ယောက်အား အလုံးစုံ ဖွင့်ပြောပြ လိုက်ချင်နေ၏။

*